ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၁၀ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်

## ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၊ ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံ ၊ တာဝန်ရှိသူများနှင့်အတူ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက် နံနက် ၁၀နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရွာသာကြီးရှိ ကုန်းတွင်းဆိပ် (Dry Port) ရှိ KM Terminal and Logistics Company Limited နှင့် Resources Group (RG) Logistics Company Limited များ၌ ကုန်းတွင်းဆိပ်ကမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ကုန်းတွင်းဆိပ် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

# မြန်မာ-လာအို အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အကူအညီပေးရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




မြန်မာ – လာအို နှစ်နိုင်ငံ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ  နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနေကြစဉ်။

အကောက်ခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်ဖလှယ်ခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်နိုင်ရေး၊ အကောက်ခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အကူအညီပေးရေးတို့ကို ရည်ရွယ်ကျင်းပသည့် မြန်မာ-လာအို နှစ်နိုင်ငံ အကောက်ခွန်ဌာန Bilateral တွေ့ဆုံဆွေးနွေးပွဲနှင့် အကောက်ခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကူအညီပေးရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၂၆) ရက်က လာအိုနိုင်ငံ၊ ဘိုကီယိုပြည်နယ်၊ Huay Xai မြို့ရှိ Mone Thong Hotel တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်သောအဖွဲ့နှင့် လာအိုနိုင်ငံ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ် Mr.PHOUKHAOKHAM VANNAVONGXAY ဦးဆောင်သော အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နှစ်နိုင်ငံနယ်စပ်အကောက်ခွန်များ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်၍ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နှစ်နိုင်ငံ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များက နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

# Phase II ကာလ၏ 4 th Joint Coordination Committee အစည်းအဝေးကျင်းပ



အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ 4 th Joint Coordination Committee အစည်းအဝေး ဦးဆောင်ကျင်းပနေစဉ်။

မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Project of Capacity Development for National Single Window and Customs Modernization by Introduction Automated Cargo Clearance System စီမံကိန်း Phase II ကာလ၏ 4th Joint Coordination Committee အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် နံနက် ၁၁ နာရီခွဲ တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟ ခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.TAKEHARA Masayoshi ၊ Senior Advisor Mr.MIZUI Osamu ၊ လက်ထောက်ညွှန်ကြားရေးမှူး Mr.NOMOTO Kengo၊ အကောက်ခွန်ဦးစီးဌာနတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် Long-Term Expert (၂) ဦးတို့ တက်ရောက်ကြပြီး Japan Customs and Tariff Bureau မှ ညွှန်ကြားရေးမှူး Ms.SHIGA Sahoko၊ NACCS Oversea Projects Team မှ တာဝန်ရှိသူများသည် Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန၌ လစ်လပ်လျက်ရှိသော ပြင်ပမှ အလုပ်သင်ဒုတိယအကောက်ခွန်မှူးရာထူး ခေါ်ယူခန့်ထားနိုင်ရေး ဆန်းစစ်စာမေးပွဲ ကျင်းပ



ဒုတိယညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ကွန်ပျူတာဘာသာရပ်ဆန်းစစ်ခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။



ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် ရေးဖြေဆန်းစစ်ခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။

အကောက်ခွန်ဦးစီးဌာန၌ လစ်လပ်လျက်ရှိသော ပြင်ပမှ အလုပ်သင်ဒုတိယအကောက်ခွန်မှူးရာထူးအတွက် အင်္ဂလိပ်စာဘာသာရပ် နှင့် အထွေထွေဗဟုသုတဘာသာရပ် ရေးဖြေဆန်းစစ် စာမေးပွဲကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂ ရက် က ရန်ကုန်မြို့ရှိ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း (ဗိုလ်တထောင်) ၌ နံနက် ၉ နာရီ မှ ညနေ ၃ နာရီ အထိ ကျင်းပခဲ့ရာ ဖြေဆိုခွင့်ရရှိသူ (၂၄၆) ဦး အနက် လာရောက်ဖြေဆိုသူ (၁၆၁) ဦး ရှိခဲ့ပြီး ကွန်ပျူတာဘာသာရပ် ဆန်းစစ်ခြင်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ နံနက် ၈ နာရီ မှ ညနေ ၄ နာရီ အထိ ကျင်းပခဲ့ရာ ဖြေဆိုခွင့်ရရှိသူ ( ၁၂၄ ) ဦးအနက် (၁၂၂ ) ဦး လာရောက်ဖြေဆိုခဲ့သည်။

# အကောက်ခွန်ဦးစီးဌာန၊ အငယ်တန်းစာရေး၊ စာရင်း ကိုင်-၄ နှင့် ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေး



ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေ ဦးဆောင်သည့် အဖွဲ့ လူတွေ့စစ်ဆေးနေကြစဉ်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၅ ရက် နှင့် ၃၀ ရက် တို့တွင် ကျင်းပခဲ့သည့် အကောက်ခွန်ဦးစီးဌာန၊ အငယ်တန်းစာရေး၊ စာရင်းကိုင်-၄ နှင့် ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးများ၌ ရေးဖြေအောင်မြင်သူ (၃၂) ဦး ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၌ နိုင်ငံတကာရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေ ဦးဆောင်သည့် အဖွဲ့က လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

# အကောက်ခွန်ထိန်း ရာထူး ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေး




ညွှန်ကြားရေးမှူး ဦးကျော်အောင်လွင် ဦးဆောင်သည့် အဖွဲ့ လူတွေ့စစ်ဆေးနေကြစဉ်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၅ ရက် က ကျင်းပခဲ့သည့် အကောက်ခွန်ထိန်း ရာထူး၌ ရေးဖြေအောင်မြင်သူ (၅၇) ဦး အား ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက် နှင့် ၂၉ ရက် နေ့များတွင် ကာကွယ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးကျော်အောင်လွင် ဦးဆောင်သည့် အဖွဲ့က လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

# အကောက်ခွန်အရာထမ်းများအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သင်တန်းဖွင့်လှစ်



အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာများနှင့်စပ်လျဉ်း၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဝေနှင်း မှ သင်ကြား ပို့ချနေစဉ်။

အကောက်ခွန်အရာထမ်းများအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သင်တန်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းတွင် အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဝေနှင်း က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာများကို သင်ကြားပို့ချခဲ့ရာ သင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မူပိုင်ခွင့် အကာအကွယ်ပေးခြင်းသည် အရေးပါပုံကို အကောက်ခွန်အရာထမ်းများ သိရှိစေရန်၊ ကုန်ပစ္စည်းအတုအပများသုံးစွဲမှုကို လျှော့ချခြင်းဖြင့် စားသုံးသူ/သုံးစွဲသူများ ထိခိုက်မှုအန္တရာယ်ကို အကာအကွယ်ပေးရန်နှင့် မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ဖြစ်သည်။

# တာချီလိတ်မြို့၌ Harmonized System (မွမ်းမံ) သင်တန်းဖွင့်လှစ်



Harmonized System နှင့် ပတ်သက်သည့် သင်ခန်းစာများကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသဉ္ဇာဟန် က သင်ကြားပို့ချနေစဉ်။

တာချီလိတ်နယ်စပ်ဒေသ၌ Myanmar Automatic Cargo Clearance System စနစ်တိုးချဲ့ဆောင်ရွက်ရာတွင် တင်သွင်း/တင်ပို့လုပ်ငန်းရှင်များနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ Harmonized System ကို ကျွမ်းကျင်စွာ အသုံးပြုတတ်စေရန် ရည်ရွယ်သည့် Harmonized System (မွမ်းမံ) သင်တန်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက် မှ ၂ ရက် နေ့ အထိ တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသဉ္ဇာဟန် က Harmonized System နှင့် ပတ်သက်သည့် သင်ခန်းစာများကို သင်ကြားပို့ချခဲ့သည်။ အဆိုပါသင်တန်းသို့ တင်သွင်း/တင်ပို့လုပ်ငန်းရှင်များ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ စုစုပေါင်း (၅၆) ဦး တက်ရောက်ခဲ့ကြသည်။

# တာချီလိတ်မြို့၌ MACCS စနစ် အသုံးပြုခြင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်



MACCS စနစ်အသုံးပြုခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက စာတွေ့လက်တွေ့ သင်ကြားပို့ချနေစဉ်။

တင်သွင်း/တင်ပို့လုပ်ငန်းရှင်များနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် MACCS စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုတတ်စေရန် ရည်ရွယ်သည့် MACCS စနစ်အသုံးပြုခြင်းဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းများကို တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ၌ သင်တန်းအမှတ်စဉ် (၃) ခု ခွဲ ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက် မှ ၂၉ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းများသို့ တင်သွင်း/တင်ပို့လုပ်ငန်းရှင်များ နှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ တက်ရောက်ခဲ့ကြပြီး အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်း ဦးဆောင်သည့် သင်တန်းနည်းပြ (၈) ဦး က MACCS စနစ် အသုံးပြုခြင်းဆိုင်ရာ သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြသည်။

# Alert Notice System (ANS) အကြောင်း သိကောင်းစရာ သင်တန်း ဖွင့်လှစ်



Alert Notice System (ANS) အကြောင်း သိကောင်းစရာများကို ဦးစီးအရာရှိ ဦးသိန်းမင်းထိုက် မှ သင်ကြားပို့ချနေစဉ်။

Alert Notice System (ANS) အကြောင်း သိကောင်းစရာများဆိုင်ရာသင်တန်းကို ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်း၌ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် ၊ နံနက် ၈ နာရီ ခွဲ မှ ၁၀ နာရီ အထိ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် နိုင်ငံတကာရေးရာဌာနခွဲမှ ဦးစီးအရာရှိ ဦးသိန်းမင်းထိုက် က Customs Enforcement and Compliance Working Group (CECWG) လုပ်ငန်းအဖွဲ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊လုပ်ငန်းအဖွဲ့၏ ရည်ရွယ်ချက်၊ အကောက်ခွန်ထိန်းချုပ်မှုနည်းလမ်းများ၊ ပို့ကုန် / သွင်းကုန် လိုင်စင်/ပါမစ် အတုအပ ပြုလုပ်ရာတွင် ကျူးလွန်လေ့ရှိသည့်အမှားများ၊ စာရွက်စာတမ်း အတုအပပြုလုပ်ရာတွင် အတွေ့ရများသည့် သင်္ကေတများ၊ သတင်းအချက်အလက် ရရှိနိုင်သည့် သတင်းအရင်းအမြစ်များ၊ Alert Notice System (ANS) အကြောင်း၊ ANS စနစ်တွင် ဖြည့်သွင်းရမည့်အချက်များ၊ သက်ဆိုင်ရာဌာနခွဲများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ E-mail တာဝန်ကျအရာရှိ၏ လုပ်ငန်းတာဝန်များနှင့် အကြံပြုသုံးသပ်တင်ပြချက်တို့နှင့် ပတ်သက်၍ ရှင်းလင်းပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများမှ အရာထမ်း၊ အမှုထမ်း သင်တန်းသား (၄၀) ဦး တက်ရောက်ခဲ့ကြသည်။

# နှစ်နိုင်ငံ (သို့) အပြည်ပြည်ဆိုင်ရာအကောက်ခွန်ဌာနများအကြားချုပ်ဆိုသည့် Bilateral Agreement, MOU (or) International Agreement ချုပ်ဆိုရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသင်ကြားပို့ချ



နှစ်နိုင်ငံ (သို့) အပြည်ပြည်ဆိုင်ရာအကောက်ခွန်ဌာနများအကြားချုပ်ဆိုသည့် Bilateral Agreement, MOU (or) International Agreement ချုပ်ဆိုရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တာဝန်ရှိသူတစ်ဦးက သင်ကြားပို့ချနေစဉ်။

နှစ်နိုင်ငံ (သို့) အပြည်ပြည်ဆိုင်ရာအကောက်ခွန်ဌာနများအကြားချုပ်ဆိုသည့် Bilateral Agreement, MOU (or) International Agreement ချုပ်ဆိုရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ သင်ကြားပို့ချခြင်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် နံနက် ၈ နာရီ တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်း၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

သင်တန်းတွင် နိုင်ငံတကာရေးရာဌာနခွဲ၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များဌာနစု တာဝန်ခံများက ဌာနစုဆိုင်ရာ စံပြုလုပ်ငန်းစဉ်များနှင့် စာချုပ်များဆိုင်ရာ ဆောင်ရွက်ချက်များ၊ နှစ်နိုင်ငံ (သို့) အပြည်ပြည်ဆိုင်ရာအကောက်ခွန်ဌာနများအကြား ချုပ်ဆိုခဲ့ပြီးသော စာချုပ်များ၊ ချုပ်ဆိုရန် ဆောင်ရွက်ဆဲဖြစ်သော စာချုပ်များအကြောင်းနှင့် စာချုပ်များ လက်မှတ်ရေးထိုးရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များအကြောင်း၊ အကောက်ခွန်ဆိုင်ရာသဘောတူစာချုပ်များ ချုပ်ဆိုခြင်းကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းသင်ကြားပို့ချခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများမှ သင်တန်းသား (၆၀) ဦး တက်ရောက်ခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၇၇၅.၀၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသများ ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက် လျက်ရှိရာ ဒီဇင်ဘာလ (၁) ရက် မှ (၃၁) ရက် အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၁၈၂) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် (၆၇၇၅.၀၀၅ ) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁၃-၁၂-၂၀၂၃ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ ID-No.100266961760 (5.12.2023)၊ ကုန်သေတ္တာအမှတ် - NYKU3822725 (1X20') ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား Suspect အရ (ထုတ်/သွင်း ၊ ကာကွယ်ရေး ၊ စစရ) အဖွဲ့စုံဖြင့် ဖွင့်ဖောက် စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည် နှင့် ကွဲလွဲပါရှိလာသော (B/N Meat Grinder) (Model : TB22#) (R.Power : 0.75-1.1KW) (R.Votage : 220V) (Serial No: 231037)(35 Ctns) (280 U) အပါအဝင်ကုန်ပစ္စည်း (၂) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၇,၄၃၄,၆၂၆/-) ခန့်အား အမှုတွဲဖွင့် လှစ်၍ တားဆီးခဲ့ပါ သည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၇၇၅.၀၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၂၂-၁၂-၂၀၂၃ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ ID No.100268065701 (14.12.2023)၊ ကုန်သေတ္တာအမှတ်-TGHU6484342 (1X40') ဖြင့် တင်သွင်းလာသော ပိတ်လိပ်များအား (Suspect) အရ ကာကွယ်ရေး၊ ထုတ်/သွင်း၊ စစရ၊ အထူးအဖွဲ့တို့ဖြင့် ပူးပေါင်းစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိဘဲကွဲလွဲစွာပါရှိလာသော (ပိတ်သားပိတ်လိပ်အမျိုးအစားအစုံ) (1242 Rolls) (C/O-China) (15000 Kg) ခန့်မှန်းတန်ဖိုးကျပ် (၄၇,၂၅၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၇၇၅.၀၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၁၅-၁၂-၂၀၂၃ ရက်နေ့ ၁၃:၃၀ အချိန်ခန့်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်- (9Q-4959) (Express) ယာဉ်အားစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (TUF GAMING LAPTOP) (B/N-SHOWROOM DISPLAY) (Brand-ASUS) (15.6" LCD Display) (C/O-China) (2 U) အပါအဝင် ကုန်ပစ္စည်း (၆) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၅,၃၁၆,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်- (9Q-4959) (Express)၊ (Brand # SCANIA) (Type # Bus) (6 x 2) (Model-2019) (C/O # Sweden) (1 U) ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၇၇၅.၀၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု




၂၀.၁၂.၂၀၂၃ ရက်နေ့ ၀၉:၀၀ အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့သည် မန္တလေးမြို့အဝင် ရွှေကျင်တိုးဂိတ်အနီး၌ ဗန်းမော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်အမှတ်၊ (4B/5832) (12W) ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်၌ အကောက်ခွန်မဲ့ပစ္စည်းများအား စစ်ဆေးတွေ့ရှိရသဖြင့် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ပို့ဆောင်ခဲ့ပြီး အသေးစိတ် ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Room Heater) (800W) (C/O–China) (326 U) အပါအဝင် ကုန်ပစ္စည်း(၆)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၈,၈၀၃,၀၀၀/–) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်– (4B/5832) (Nissan Diesel) (12W) (Model– 1989)(C/O–Japan) (1 U) ခန့်မှန်းတန်ဖိုးကျပ်(၁၅,၀၀၀,၀၀၀/–) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၇၇၅.၀၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု






၁၂.၁၂.၂၀၂၃ ရက်နေ့ ၁၅:၃၅ အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့သည် မန္တလေး (၁၆) မိုင်၊ ကျောက်ချောစစ်ဆေးရေးစခန်း၊ X-Ray စက်၌ယာဉ်အမှတ်၊ (2P/2079)(TOYOTA HIACE)(4W) ယာဉ်အားစစ်ဆေးရာ (ဘိန်းဖြူဟုယူဆရသော အဖြူရောင် အမှုန့်များထည့်ထားသည့် ဆပ်ပြာခွက် (၁၁) ခွက်ပါ အထုပ် (၈၆၀) ထုပ်) (ဆပ်ပြာခွက်ပေါင်း (၉၄၆၀) ခွက်) အပါအဝင် ကုန်ပစ္စည်း (၃) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂,၈၁၆,၈၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (2P/2079) (TOYOTA HIACE) (Delivery Van) (4W) (Model- 2007) (C/O-Japan) (1U) ခန့်မှန်းတန်ဖိုးကျပ် (၃၅,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၇၇၅.၀၀၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**




၂၈-၁၂-၂၀၂၃ ရက်နေ့ ၁၅:၃၀ အချိန်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့သည် (MAI Airlines)၊ လေယာဉ်ခရီးစဉ်အမှတ် (8M–607 / CR–9634) ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံကိုလ်ကတ္တားမြို့သို့ လိုက်ပါမည့် မြန်မာနိုင်ငံသားခရီးသည် ဦးဇင်ဝင်းအောင် (PP.No–MF353163) အား (Centralized X–Ray) စက်ဖြင့် ဖြတ်သန်းစစ်ဆေးစဉ် သံသယဖြစ်ဖွယ်ပုံရိပ်တွေ့ရှိခဲ့ရသဖြင့် ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းခရီးသည် ဝတ်ဆင်ထားသည့် အမဲရောင်ဆေးသုတ်ထားသောခါးပတ်ခေါင်း (ရွှေဟုယူဆရသော) (အလေးချိန် – ၂၀ကျပ်သားခန့်) (1 No) ခန့်မှန်းတန်ဖိုးကျပ် (၆၀,၀၀၀,၀၀၀/–) ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် အမှုတွဲဖွင့်လှစ်ခဲ့ပြီး ၎င်းခရီးသည်အား လေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) ထံသို့ (Transfer Sheet) နှင့်အတူ လွှဲပြောင်းပေးခဲ့ပါသည်။